**ပရန္နဝါနီ**


Scientific name - *Boerhavia diffusa* L.

Common name - Red spiderling

Family - Nyctaginaceae








အပင်ပုံသဏ္ဍာန်

နှစ်ရှည်ခံပင်မျိုးဖြစ်၍ ထောင်မတ်လျက်ပေါက်သည်။ ပြန့်ကားလျက် သို့မဟုတ် တွယ်တက်တတ်သောပင်ပျော့မျိုးဖြစ်သည်။ အခြေမှ ကိုင်းများစွာထွက်ပြီး ၅၀ စင်တီမီတာအထိမြင့်သည်။ ပင်စည်သေးသွယ်ပြီး အမွေးလေးများပါရှိသည်။ ရေသောက်မြစ်မှ ကိုင်းများဖြာထွက်သည်။ အရွက်သည် ရွက်ဆိုင်ဖြစ်ပြီး တစ်ခုကြီး တစ်ခုငယ် ဖြစ်သည်။ ဘဲဥပုံသဏ္ဍာန်ရှိပြီး ပြန့်ကား၍ ထိပ်ဘက်ချွန်သည်။ ပန်းခိုင်သည် ထိပ်ထွက် သို့မဟုတ် ကြားထွက်ဖြစ်ပြီး ပန်းပွင့် ၂ - ၄ ပွင့်ပါရှိပြီး အစုလိုက်ပွင့်သည်။ ကန်တော့ပုံ ပွင့်ရွက်အုံသည် အဝိုက် ၅ခု ရှိပြီး အနီရောင် သို့မဟုတ် ခရမ်းရောင်ရှိသည်။ အသီးတွင် အမြောင်းငါးခုပါရှိပြီး တိုသောတင်းပုတ်ပုံရှိသည်။ အစိမ်းရောင်ရှိအသီးကို ဂလင်းများနှင့်အမွေးများက ဖုံးအုပ်ထားသည်။ အသီးတစ်လုံးလျှင် ရှည်သည့်ဘဲဥပုံအစေ့တစ်စေ့ပါသည်။ အစေ့အားဖြင့် မျိုးပွားသည်။